# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၅–၆–၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ တန့်အယ် ကျေးရွာအုပ်စုရှိ လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးလုပ်ကိုင် နိုင်ရန် ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းပေါ်တွင် ဖိုင်လုံ ဆည်နှင့် ကုန်းကျောင်းဆည်တို့အား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်း ကျေးရွာအုပ်စုတွင် ယခင်ဇီးဖြူကုန်းတိုက်နယ်ဆေးရုံမြေ (၆.၃၃၆) ဧက အနက်မှ စိုက်ပျိုးရေးဂိုဒေါင် ဆောက်လုပ်ရန်အတွက် ၁၉၇၈–၁၉၇၉ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနက ရယူခဲ့သော မြေဧရိယာ (၂.၁၉၉) ဧကအား ယခုဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ် ဧရိယာ ရေကန်ပြင်တွင် ရေချိုငါး စီးပွားဖြစ် မွေးမြူရန်နှင့် သဘာဝ ငါးမွေးမြူရေးသုတေသနစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်၊ စလင်း–စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုး များနှင့် တယ်လီဖုန်း Connection box များမှာ လဲပြိုနေခြင်း၊ မြေပြင်ပေါ်ကျနေခြင်းများ နှစ်နှင့်ချီ၍ ကြာမြင့်စွာ ဖြစ်ပွားနေမှုကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူက တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ် ဧရာဝတီ တံတား (ထီးချိုင့်) ၏ ရေလယ်တိုင်များကြောင့် တံတား၏အထက်နှင့် အောက်ဘက်တို့တွင် သောင်များဖြစ်ထွန်းလာပြီး မြစ်ကမ်းအနီးရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုတိုက်စားခြင်းမှ ကာကွယ်ရန် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းကို မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးညာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့ အမှတ်(၃) သုခကာရီရိပ်သာ၏ မျက်နှာစာတွင် ပိတ်ကာနေသော မီးရထားနှင့် ကားလမ်းခွဲ တံခါးစောင့်၏ သစ်သားတဲကို အခြားလွတ်ကင်းရာ မီးရထားမြေသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဘောတံတား(Jetty)အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အထက် (၄၈× ၂၀× ၆.၅) ပေ တလင်းပေါင်းကူးတံတားအား အသေးစား (၂) စင်း သို့မဟုတ် ကြားခံ (Jetty) သံမဏိဆိပ်ခံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၏ **ပြည်တွင်းသို့ မော်တော်ကားများ တင်သွင်းရာတွင် ကောက်ခံနေသော အခွန်မျိုးစုံအား သင့်လျော်သော နှုန်းထားသို့ ဖြေလျှော့ပေးခြင်း၊ မော်တော်ယာဉ်ပိုင်ရှင်တို့အား လမ်းဘေးတွင် ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ် လမ်းအသုံးပြုခတို့ကို တိုးမြှင့်ကောက်ခံပြီး ဥပဒေနှင့် မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့အား ထိရောက်သော အရေးယူခြင်းတို့ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **အန္တရာယ်ရှိ ကုန်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီ အရောင်းဆိုင်များ ဆီဘောက်ဆာ ယာဉ်များတွင်**

**လုပ်ကိုင် ဆောင်ရွက်နေသူများအား လိုအပ်သော သင်တန်းများကို သင့်လျော်သော ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက သင်တန်းများပေးရန် နှင့် အသိအမှတ်ပြု လက်မှတ်ရရှိသူများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဍ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(မက်မန်း)တွင် (၁၀၀× ၃၀) ပေ နှစ်ထပ် စာသင်ကျောင်းဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဎ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင် အခြေခံ ပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများ ကို အခြားသော အ.ထ.က ကျောင်းများကဲ့သို့ ခွဲဝေ (၁၂)ဦးနှင့်အညီ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဏ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန် ကျေးရွာအုပ်စု၊ နားယုန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား လာမည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(တ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဒေသသင်ရိုး ရေးဆွဲနိုင်ရန် တိကျသည့် မူဝါဒချမှတ် ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများ ပါဝင်ဆွေးနွေးခွင့် ရရှိနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် အချိန်မီ စာအုပ်ရိုက်နှိပ် နိုင်ရန်အတွက် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဏ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၏ **ဘုတ်ပြင်းမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ဥပမိရုပ် မကောင်းတော့သည့် နဝရတ်(ခန်းမ) အဆောက်အဦနေရာတွင် (၁၅၀× ၃၀× ၂၂)ပေ အရွယ်အစားရှိ စံကိုက်(၂)ထပ် ပင်မကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်က တင်သွင်းသည့် **"အခြေခံပညာ မူလတန်းသင် ဆရာ၊ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသား ဒေသ ကျေးရွာ ကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊ သူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၊

(ခ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၊

(ဂ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၊

(ဃ) ဦးစောဇစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

( င ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၊

( စ ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။